# ကရင် BGF/KNA တပ်၏ ဒေသတွင်းရာဇဝတ်ကွန်ရက်ကို ဖော်ထုတ်

## ဒဏ်ခတ်ပိတ်ဆို့မှုနှင့် တာဝန်ခံမှုများအတွက် JFM တောင်းဆို

မြန်မာစစ်အုပ်စု၏ မဟာမိတ်၊ ကရင်အမျိုးသားတပ်မတော် (KNA) ဟု အမည်ပြောင်းထားသော ကရင်နယ်ခြားစောင့်တပ် (BGF) သည် အာဏာရ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်မိသားစုနှင့် ၎င်းတို့၏ မိတ်ဖက်များကို ကြွယ်ဝချမ်းသာစေသည့် နိုင်ငံဖြတ်ကျော် စီးပွားရေးကွန်ရက်တစ်ခုကို တည်ဆောက်ထားပြီး၊ ယင်းစီးပွားရေးကွန်ရက်ကြောင့် ကျယ်ပြောလှသော အတိဒုက္ခများကို ဖြစ်ပေါ်စေသည်။

ကရင် BGF/KNA တပ်၏ ကော်ပိုရိတ်ဖွဲ့စည်းပုံနှင့် ဒေသတွင်းကွန်ရက်များအပေါ် Justice For Myanmar ၏ သုတေသနလေ့လာမှုအတွင်းတွင် အချက်အလက်အသစ်များအဖြစ် အဆိုပါ ပြည်သူ့စစ်အဖွဲ့သည် တရားမဝင် ဆိုးရွားကြမ်းကြုတ်သည့် စီးပွားရေးလုပ်ငန်းများ၌ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ တရုတ်နှင့် ဟောင်ကောင်နိုင်ငံများမှ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များနှင့်အတူ ပါဝင်ပတ်သက်နေကြောင်း ဖော်ထုတ်ထားသည်။

ယင်းတို့တွင် ဆိုက်ဘာလိမ်လည်ဒုစရိုက်လုပ်ငန်းများ လုပ်ဆောင်သည့်ခြံဝန်းကြီးများ၊ တရားမဝင် ကာစီနိုရုံများနှင့် တရားမဝင်အွန်လိုင်း လောင်းကစားလုပ်ငန်းများ ပါဝင်ပြီး၊ စစ်အုပ်စုနှင့် ၎င်း၏မဟာမိတ် ကရင် BGF/KNA တပ်တို့သည် ထိုသို့သော နိုင်ငံတကာရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်း အလျဉ်းမရှိ ကင်းလွတ်စွာဖြင့် ဆက်လက်ကျူးလွန်နေကြသည်။

မလေးရှားနိုင်ငံသားများသည် ကျယ်ပြောလှသော ရာဇဝတ်လုပ်ငန်းများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပါဝင်သည့် ရထိုက်မြို့သစ်စီမံကိန်း (Yatai New City) နှင့် ဒေါင်မေဥယျာဉ် (Dongmei Park) စီမံကိန်းများတွင် ထင်ရှားသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်။

ရထိုက်မြို့သစ်စီမံကိန်းသည် ကရင် BGF/KNA တပ်နှင့် Yatai International Holding Group တို့အကြား ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်ပြီး၊ တရားမဝင်ကာစီနိုရုံများ၊ ဆိုက်ဘာငွေလိမ်လုပ်ငန်းများနှင့် တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်းများကို အကြီးအကျယ်ဖော်ဆောင်နေသည့် ဒုစရိုက်မြို့တော်သစ် စီမံကိန်းလည်းဖြစ်သည်။ ရထိုက် (Yatai) ကုမ္ပဏီဥက္ကဌ She Zhijiang သည် နိုင်ငံတကာဖမ်းဝရမ်းဖြင့် ထိုင်းနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်းက ဖမ်းဆီးခြင်းခံခဲ့ရပြီး၊ တရားမဝင် လောင်းကစားလုပ်ငန်းများ လုပ်ဆောင်မှုစွဲချက်များအတွက် ထွက်ဆိုရန် တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးရေးကို စောင့်ဆိုင်းလျှက်ရှိသည်။ ရထိုက်အုပ်စု (Yatai Group) ၏ မြန်မာဖက်စပ်လုပ်ငန်းတွင် ကျန်ရှိနေသည့်အခြား အဖွဲ့ဝင်နှစ်ဦးသည် မလေးရှားနိုင်ငံသားများ ဖြစ်ကြသည်။

ဒေါင်မေဥယျာဉ်စီမံကိန်း (Dongmei Park) သည် ဆိုက်ဘာငွေလိမ်လုပ်ငန်း လုပ်ဆောင်သည့်ခြံဝန်းကြီးဖြစ်ပြီး၊ ယခင် 14K လူဆိုးဂိုဏ်းခေါင်းဆောင် Wan Kuok-koi (သွားကျိုးဟုလည်း သိကြသူ) က မလေးရှား လုပ်ဖော်ကိုင်ဖက်များနှင့်အတူ တည်ထောင်လုပ်ကိုင်နေခြင်းဖြစ်သည်။ အဆိုပါ မလေးရှားလုပ်ဖော်ကိုင်ဖက်များတွင် မလေးရှားဝန်ကြီးချုပ်ရုံး၏ ယခင်ဒုတိယဝန်ကြီးဖြစ်ခဲ့သူ Dato Dr Mashitah Ibrahim နှင့် သူမ၏ခင်ပွန်း ယခင်သံတမန်ဟောင်း Datuk Abdul Shakor Bin Abu Bakar တို့ ပါဝင်သည်။ အဆိုပါဇနီးမောင်နှံသည် စီမံကိန်းစတင်ရန် Wan Kuok-koi နှင့် ထင်ရှားသောမလေးရှားနိုင်ငံသားများနှင့်အတူ ၂၀၂၀ ခုနှစ်တွင် ကရင်ပြည်နယ်သို့ သွားရောက်ခဲ့ကြသည်။ Datuk Abdul Shakor Bin Abu Bakar သည် အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့ထားသော ဒေါင်မေအုပ်စု (Dongmei Group) ၏ ကုမ္ပဏီခွဲဖြစ်သည့် ဟောင်ကောင်ကုမ္ပဏီတွင် ဒါရိုက်တာနှင့် ရှယ်ယာရှင်အဖြစ် ဆက်လက်တာဝန်ယူလျက်ရှိသည်။

သုတေသနလေ့လာမှုတွင် ထိုင်းကုမ္ပဏီများ၊ ထိုင်းနိုင်ငံသားလူပုဂ္ဂိုလ်များနှင့် ကရင် BGF/KNA တပ်၏ စီးပွားရေးလုပ်ငန်းများအကြား ဆက်နွှယ်မှုအသစ်များကိုလည်း ဖော်ထုတ်ထားသည်။ ယင်းတို့တွင် ထိုင်းနိုင်ငံပိုင် EXIM Bank၊ Bangkok Bank၊ Kasikorn Bank နှင့် Krungthai Bank များ၏ ကိုယ်စားလှယ်များသည် ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုများ ဆွေးနွေးရန်အတွက် တရားမဝင် Karen BGF တပ်များရှိရာ နယ်စပ်လမ်းကြောင်းကတဆင့် ရွှေကုက္ကိုလ်မြို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်လည်း ပါဝင်သည်။

သုတေသနလေ့လာမှုအတွင်း စံမြင့် (စောချစ်သူ၏ နံမည်လွဲအဖြစ် အသုံးပြုထားသူ)နှင့် ၎င်း၏သားသမီးများသည် BGF/KNA တပ်ပိုင်ကုမ္ပဏီများတွင် အဓိကအခန်းကဏ္ဍက ပါဝင်ပတ်သက်နေကြောင်း အသေးစိတ်ဖော်ပြထားသည်။ မိသားစုဝင်များအကြား ရှယ်ယာများ ခွဲဝေပိုင်ဆိုင်ထားခြင်းဖြင့် စံမြင့်မိသားစုသည် ကရင် BGF/KNA တပ်၏ စီးပွားရေးလုပ်ငန်း ၆ ခုကို ထိန်းချုပ်ပိုင်ဆိုင်ထားကြပြီး၊ နာမည်ဆိုးဖြင့်ကျော်ကြားသည့် ဆိုက်ဘာငွေလိမ်လုပ်ငန်းခြံဝန်းကြီးနှစ်ခုဖြစ်သော Apollo Park နှင့် Yulong Bay Park တို့တွင်လည်း အနည်းစုရှယ်ယာရှင်အဖြစ် ပိုင်ဆိုင်ထားကြသည်။ ယင်းစီးပွားရေးလုပ်ငန်းနှစ်ခုလုံးတွင် စံမြင့်၏ သားဖြစ်သူ ကရင် BGF/KNA တပ် ဗိုလ်မှူး စောထူးအယ်မူးသည် ဒါရိုက်တာနှင့် ရှယ်ယာရှင်တစ်ဦး ဖြစ်သည်။

ကရင် BGF/KNA တပ်၊ ၎င်း၏စီးပွားရေးလုပ်ငန်းများ၊ စံမြင့် (စောချစ်သူ)နှင့် သူ့မိသားစုအပါအဝင် အဓိကလူပုဂ္ဂိုလ်များအပေါ် အရေးတကြီး ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် Justice For Myanmar က တောင်းဆိုသည်။

အထူးသဖြင့် မလေးရှားနှင့် ထိုင်းနိုင်ငံ အပါအဝင် ဒေသတွင်းရှိ အခြားသော အာဏာပိုင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်ကြသည့် ၎င်းတို့၏ နိုင်ငံသားများနှင့် နိုင်ငံတွင်းနေထိုင်သူများအား စုံစမ်းစစ်ဆေးရန်နှင့် တာဝန်ခံစေရန် Justice For Myanmar က တောင်းဆိုသည်။

ထိုင်းအစိုးရအနေဖြင့် ၎င်းတို့ပိုင်နယ်မြေများအတွင်း ကရင် BGF/KNA တပ်နှင့် ယင်း၏မိတ်ဖက်များ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်းများကို မဖြစ်မနေ ပိတ်ပင်ရမည် ဖြစ်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ကရင် BGF/KNA တပ်ဟာ စစ်ရာဇဝတ်မှုတွေနဲ့ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေအတွက် တာဝန်ရှိတဲ့ အဖွဲ့အစည်းဖြစ်ပြီး၊ ဒီရာဇဝတ်မှုတွေကို အပြစ်ပေးအရေးယူခံရခြင်း အလျဉ်းမရှိဘဲ ကျူးလွန်နေပါတယ်။

တရားမဝင်စစ်အုပ်စုဟာ မြန်မာပြည်သူတွေအပေါ် အကြမ်းဖက်စစ်ဆင်ရေးတွေ ဆက်လက်ဆင်နွှဲနေသလို၊ တစ်ဖက်မှာလည်း ဒီစစ်ရာဇဝတ်မှုလုပ်ငန်းတွေအပေါ် ကာကွယ်ပေးနေရုံသာမက ဒီလုပ်ငန်းတွေဆီကလည်း အကျိုးအမြတ်တွေ ရရှိနေပါတယ်။

မြန်မာနိုင်ငံအကျပ်အတည်းကို ဖြေရှင်းဖို့နဲ့ ကျူးလွန်သူတွေကို တာဝန်ခံစေဖို့အတွက် နိုင်ငံတကာအရေးယူမှုတွေ လုံလောက်မှု မရှိသေးတဲ့အခြေအနေမှာ ကရင် BGF/KNA တပ်နဲ့ စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေ၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေကလည်း ဆက်လက်ရှိနေဆဲပါပဲ။

ကရင် BGF/KNA တပ်နဲ့ ၎င်းအဖွဲ့ရဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ အရေးတကြီးချမှတ်ဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

ဒေသတွင်းအာဏာပိုင်တွေအနေနဲ့ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေနဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ ၎င်းတို့နိုင်ငံသားတွေ၊ နိုင်ငံတွင်းနေထိုင်သူတွေနဲ့ ကုမ္ပဏီတွေရဲ့ ပါဝင်ပတ်သက်မှုကို စုံစမ်းစစ်ဆေးရေး ယခုထက်ပိုမို လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌ ဖြစ်လာမယ့် မလေးရှားနိုင်ငံဟာ မြန်မာနိုင်ငံတွင်း ရာဇဝတ်မှုလုပ်ငန်းတွေမှာ ၎င်းတို့နိုင်ငံသားတွေ ပါဝင်ပတ်သက်မှုတွေ ပပျောက်အောင် တိုးမြှင့်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မလေးရှားနိုင်ငံအနေနဲ့ မိမိနိုင်ငံသားတွေ ကိုယ်တိုင်က စစ်ရာဇဝတ်ကောင်တွေနဲ့

စီးပွားရေးလုပ်ငန်းတွေ လုပ်ဆောင်နေပြီး၊ ဒါဟာ မြန်မာနဲ့ ဒေသတွင်းပြည်သူတွေအပေါ် ထိခိုက်မှုတွေ ဖြစ်စေမယ်၊ အဲဒီအတွက်လည်း အပြစ်ပေးအရေးယူခံရခြင်း အလျင်းမရှိဘူးဆိုရင် မြန်မာနိုင်ငံတွင်း အကျပ်အတည်းကို တုန့်ပြန်ဆောင်ရွက်ရာမှာ မလေးရှားနိုင်ငံအနေနဲ့ အများလက်ခံယုံကြည်နိုင်မှု ရရှိနိုင်ဖို့ မလွယ်ပါဘူး။

ထိုင်းနိုင်ငံဟာ တရားမဝင်စစ်အုပ်စုနဲ့ စီးပွားရေးလုပ်ဆောင်မှုတွေကတဆင့် မြန်မာနိုင်ငံတွင်းက နိုင်ငံတကာရာဇဝတ်မှုတွေမှာ ကြံရာပါပတ်သက်နေဆဲ ဖြစ်သလို၊ ကရင် BGF/KNA တပ်ကို ကူညီထောက်ပံ့ပြီး အကျိုးအမြတ်တွေ ရရှိနေတဲ့ ထိုင်းနိုင်ငံသားတွေနဲ့ ကုမ္ပဏီတွေအပေါ်မှာလည်း လုံလောက်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ ပျက်ကွက်ခဲ့ပါတယ်။

ထိုင်းနဲ့ မလေးရှားနိုင်ငံတို့အနေနဲ့ ၎င်းတို့ရဲ့ ကုမ္ပဏီတွေနဲ့ နိုင်ငံသားတွေက မြန်မာပြည်သူတွေအပေါ် ပိုမိုထိခိုက်ပျက်စီးစေတာမျိုးတွေကို ခွင့်ပြုပေးနေခြင်းထက် မြန်မာ့အကျပ်အတည်းကို ကူညီဖြေရှင်းနိုင်ရေး အခုကစပြီး လမ်းကြောင်းပြောင်းလဲ ကျင့်သုံးလုပ်ဆောင်ဖို့ လိုအပ်နေပါပြီ” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

**Karen BGF/KNA တပ်၏ ရာဇဝတ်စီးပွားကွန်ရက်** အကြောင်း သုတေသနလေ့လာမှုအပြည့်အစုံကို ဖတ်ရှုပါ။

Justice For Myanmar သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်း တို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှုများမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org** | **https://www.justiceformyanmar.org/**

**https://x.com/justicemyanmar** | **https://www.facebook.com/justiceformyanmar.org/**